မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

July 8, 2025 Volume 92, Number 6

၈.၇.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၈.၂၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၄.၀၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၆၁.၆၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၃.၇၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၂၇၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၈ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ရန်ကုန်၌ သက်သာတဲ့ဈေးဖြင့် ဆန်ရောင်းချမှုတိုးချဲ့ရန် စီစဉ်နေ



ရန်ကုန်မြို့ ဝါးတန်းဆန်ကုန်စည်ဒိုင်နဲ့ စည်ပင်သာယာဈေးတွေမှာ ရွှေဘိုပေါ်ဆန်း၊ ရောဝတီပေါ်ဆန်းနဲ့ ဧည့်မထဆန်တွေကိုသက်သာတဲ့ဈေးနဲ့ ရောင်းချပေးနေပြီး တိုးချဲ့ရောင်းချနိုင်ဖို့ စီစဉ်နေတယ်လို့မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းက သိရပါတယ်။

ဆန်ဈေးနှုန်း တည်ငြိမ်စေဖို့အတွက်သက်သာတဲ့ဈေးနဲ့ဆန်တွေကို အခုနှစ်မှာ ဇွန်လ ၁၂ ရက်ကစပြီး ဝါးတန်းကုန်စည်ဒိုင်မှာ အပတ်စဉ်ဗုဒ္ဓဟူးနဲ့ ကြာသပတေးနေ့တွေမှာ ရန်ကုန်မြို့စည်ပင်သာယာဈေးတွေမှာ အပတ်စဉ်သောကြာနဲ့စနေနေ့တွေမှာ ရောင်းချပေးနေတာပါ။

ဝါးတန်းကုန်စည်ဒိုင်မှာ ရွှေဘိုပေါ်ဆန်း ၅ ပြည်တစ်အိတ်ကို၃၁,၀၀၀ ကျပ်၊ ရောဝတီပေါ်ဆန်း၅ ပြည်တစ်အိတ်ကို ၂၄,၀၀၀ ကျပ်၊ ဧည့်မထ(၅ ပြည်) တစ်အိတ်ကို ၁၃,၅၀၀ ကျပ်နဲ့ရောင်းချပေးနေပြီးဈေးကားတွေနဲ့ရောင်းချပေးရာမှာတော့ ရွှေဘိုပေါ်ဆန်း ၅ ပြည် တစ်အိတ်ကို ၃၂,၀၀၀ ကျပ်၊ ရောဝတီပေါ်ဆန်း ၅ ပြည်တစ်အိတ်ကို ၂၅,၀၀၀ ကျပ်၊ ဧည့်မထ ၅ ပြည် တစ်အိတ်ကို ၁၄,၀၀၀ ကျပ်နဲ့ ရောင်းချပေးနေတယ်လို့ သိရပါတယ်။

ဝါးတန်းကုန်စည်ဒိုင်မှာ ဆန်ရောင်းချတဲ့နေ့တွေမှာဆို လာရောက်ဝယ်ယူသူဟာ လူ ၁၅၀ နဲ့ ၂၀၀ ကြားရှိပြီး ဈေးကားတွေနဲ့လည်း တိုးချဲ့ရောင်းချပေးသွားမှာ ဖြစ်တယ်လို့ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်က တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

အခုလို သက်သာတဲ့ဈေးနဲ့ဆန်တွေရောင်းချပေးတာကို အချိန်ကာလသတ်မှတ်ထားတာမရှိဘဲ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်းရဲ့ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်နေတာ ဖြစ်တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ညှော့မထဆန်နှင့် ဆန်ကွဲဈေးများမြင့်တက်၍ ပေါ်ဆန်းမွှေးဆန်နှင့် ဖွဲနုဈေးငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက် ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၃၀.၆.၂၀၂၅ ရက်နေ့တွင် ညှော့မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၆၅,၀၀၀ ကျပ်၊ ညှော့မထဆန် (မနောသုခ)(သစ်)တစ်အိတ် ၆၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၁၅၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၇.၇.၂၀၂၅ ရက်နေ့တွင် ညှော့မထဆန်(မနောသုခ) (ဟောင်း) တစ်အိတ် ၇၀,၀၀၀ကျပ်၊ ညှော့မထဆန် (မနောသုခ) (သစ်) တစ်အိတ် ၆၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၈,၀၀၀ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၄၅,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၁၅,၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညှော့မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ်၅၀၀၀ကျပ်၊ ညှော့မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၃၀၀၀ ကျပ်နှင့် ဆန်ကွဲB(2,3,4)တစ်အိတ် ၅၀၀၀ကျပ်ဈေးများ မြင့်တက်ကာ ပေါ်ဆန်းမွှေးဆန်နှင့် ဖွဲနုဈေးများတည်ငြိမ်လျက်ရှိသည်။

ညှော့မထဆန်(မနောသုခ)နှင့်ဆန်ကွဲဈေးများ မြင့်တက်သွားခြင်းမှာကုန်ကြမ်းနည်းပြီးဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃၀-၆-၂၀၂၅ မှ ၄-၇-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့် အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၈၇,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၃၀၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၇၇၈,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃၃,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC (2024 Crop) ကျပ် ၆၇,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) နှင့် ပဲစင်းငုံ Red/ RC (2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၈၀ လုံး (တန်ချိန် ၁၉၂၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး( တစ်ပိဿာ )ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၀,၅၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၁၅၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်ကငရုတ်ရှည်အိတ်ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်ငရုတ်ရှည်အိတ်ပေါင်း ၁၈၀၀ (၃၆,၀၀၀ ပိဿာ)ဝ င်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၃၀၀(၆,၀၀၀ ပိဿာ)

ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ်၆၂၀၀နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၅၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၅၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၉၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာ နှင့် သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃၀-၆-၂၀၂၅ မှ ၄-၇-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သောကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၄၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၈၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၄၀၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၃၅၀ ၊ မုံရွာလတ်သန့် ကျပ် ၁၂၅၀ နှင့် မုံရွာလတ်ချော ကျပ် ၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မုံရွာသစ်ရှယ် ကျပ် ၁၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၅၀ ၊မုံရွာလတ်သန့်ကျပ် ၅၀နှင့် မုံရွာလတ်ချော ကျပ် ၁၅၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၃၀ စီး (၇၈၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင်ကားစီးရေ ၁၂၅ စီး (၇၅၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် ကားစီးရေ ၅ စီး (၃၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၈၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်းအောင်ပန်းထူး -၂ ကျပ် ၇၀၀၊အောင်ပန်းထူး-၃ ကျပ် ၃၀၀ ၊အောင်ပန်းထူး-၄ ကျပ်၂၀၀နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကြူကုတ်(ရှယ်) မှာ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ကြက်သွန်ဖြူအိတ်၃၄၀၀ (၁၀၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်ကြက်သွန်ဖြူအိတ် ၃၉၀၀(၁၁၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၅၀၀ (၁၅,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဟဲဟိုးမြို့နှင့်တရုတ်မှအာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၂၆၀၀၊ ဟဲဟိုး Ok ကျပ် ၃၀၀၀ ၊ ဟဲဟိုး S1 ကျပ် ၃၀၀၀၊ ဟဲဟိုး S2 ကျပ် ၂၈၀၀ နှင့် တရုတ်

အာလူး ကျပ် ၃၅၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဟဲဟိုး A1 ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်ကကားစီးရေ၃၅စီး(၂၁၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ကားစီးရေ ၃၆ စီး (၂၁၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁ စီး (၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပုစွန်မျိုးစုံပိဿာ ၆၅,၀၀၀ အထိ တင်ပို့ရောင်းချ



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လ တစ်လတာကာလအတွင်း ပုစွန်မျိုးစုံပိဿာ ၆၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပုစွန်မျိုးစုံပိဿာ၄၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပုစွန်မျိုးစုံပိဿာ ၆၅,၀၀၀အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသမှထွက်ရှိသည့် ပုစွန်များကို ဝယ်ယူပြီးစနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ရေထွက်ကုန် အများစုကိုရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဇွန်လ တစ်လတာကာလအတွင်းပုစွန်မျိုးစုံပိဿာ၆၅,၀၀၀ အထိ တင်ပို့ရောင်းချခဲ့ပါတယ်။ပုစွန်အပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတင်ပို့ရောင်းချတဲ့လုပ်ငန်း လုပ်ကိုင်သူတွေလည်း အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ ရရှိနေပါတယ်။ ရေထွက်ကုန်တွေကို ကုန်တင်ယာဉ်တွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ပါတယ်။ တင်ပို့ရောင်းချရတာလည်း အခက်အခဲမရှိပါဘူး" ဟု ၎င်းကပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဘော့ချိတ်၊ ပုစွန်ဆိတ်သေး၊ ပုစွန်ဆိတ်ကြီး၊ ပုစွန်တုပ်ကြီးတို့၏ ဈေးနှုန်းများမှာ လတ်ဆတ်မှုပေါ်မူတည်၍ ဈေးနှုန်း အသီးသီး ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/

## အမေရိကန်၏အခွန်နှုန်းထားသည် ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၅ ခုနှစ်၊ ဒုတိယ ၃ လပတ် လုပ်ငန်းဆောင်ရွက်ချက်ညွှန်းကိန်းများကို အနည်းငယ်ကျဆင်းစေခဲ့

အမေရိကန်နိုင်ငံမှချမှတ်ခဲ့သည့်အပြန်အလှန်အခွန်ကောက်ခံမှုနှုန်းထားအတွက် ယာယီရပ်ဆိုင်းပေးထားသည့် ရက်ပေါင်း ၉၀ သည် ၉-၇-၂၀၂၅ ရက်နေ့တွင်ပြီးမြောက်မည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏လုပ်ငန်းဆောင်ရွက် ချက်ညွှန်းကိန်းများ(Business Confidence Index–BCI )သည် ၂၀၂၅ ခုနှစ်၊ ဒုတိယ ၃ လပတ်ကာလအတွင်း ကျဆင်းခဲ့ပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံစားသုံးသူများ အနေဖြင့်လည်းအလုပ်အကိုင်အခွင့်အလမ်းများကျဆင်းခဲ့ပြီး ဝင်ငွေလုံလောက်မှုမရှိသဖြင့် ၎င်းတို့အပေါ်လည်း သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

အမေရိကန်၏အခွန်နှုန်းထားကြောင့်ဖိလစ်ပိုင်နိုင်ငံမှအမေရိကန်နိုင်ငံသို့ ပို့ကုန်တင်ပို့နေမှုများ၏အခြေအနေနှင့် ကုန်ထုတ်လုပ်မှုများအတွက် မရေရာ၊ မသေချာမှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ အဆိုပါအကြောင်းအချက်သည် ဖိလစ်ပိုင်လုပ်ငန်းရှင်များ

အတွက် လက်ရှိကာလတွင် အဓိကအခက်အခဲဖြစ်နေကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ်စစ်တမ်းအရ သိရသည်။

၂၀၂၅ ခုနှစ်၊ ပထမ ၃ လပတ်၏ BCI သည် ၃၁ ဒသမ ၂ ရာခိုင်နှုန်း ရှိရာမှ ၂၈ ဒသမ ၈ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ကြောင်း ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရကြောင်း၊ သကြားစက်ရုံများခေတ္တရပ်ဆိုင်းသည့် ရာသီဖြစ်ခြင်းနှင့် မေလက ကျင်းပပြုလုပ်ခဲ့သည့် နှစ်လယ်ရွေးကောက်ပွဲကာလအပြီး BCI ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့မှထုတ်ပြန်ချက်များအရ ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၂၅ ခုနှစ်၊ ပထမ ၃ လပတ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ဒုတိယ ၃ လပတ်တွင် ၅ ဒသမ ၄ ရာခိုင်နှုန်းသို့မြင့်တက်ခဲ့ကြောင်း၊ သို့သော် ၂၀၂၄ ခုနှစ်၊ အလားတူကာလက ၅ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည့် အတွက် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ သည်။

နှစ်လယ်ရွေးကောက်ပွဲကာလမတိုင်မီ အစိုးရ၏စီးပွားရေးလုပ်ဆောင်ချက်များကို ၂၀၂၅ ခုနှစ်၊ ဒုတိယ ၃ လပတ်ထဲတွင် ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောကြားထားသည်ဟု ဖော်ပြပါရှိသည်။

Cabinet-level Development Budget Coordination Committee-DBCC မှလည်း လတ်တလောဖြစ်ပွားလျက်ရှိသော ပထဝီနိုင်ငံရေးတင်းမာမှုများကြောင့် စီးပွားရေးတိုးတက်မှုနှုန်းလျာထားချက်ကို မူလခန့်မှန်းထားသည့် ၆ ဒသမ ၅ ရာခိုင်နှုန်း မှ ၅ ဒသမ ၅ ရာခိုင်နှုန်း သို့လျှော့ချသတ်မှတ်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဒုတိယ ၃ လပတ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးလာခြင်း၊ဝင်ငွေလျော့နည်းလာခြင်း၊ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်လာခြင်းတို့သည် အဓိကအကြောင်းရင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ရလဒ်အားဖြင့် overall consumer confindence index မှာ ၂၀၂၅ ခုနှစ်၊ ပထမ ၃ လ ပတ်တွင် ၁၄ ရာခိုင်နှုန်း ရှိရာမှ ၁၃ ရာခိုင်နှုန်းသို့ကျဆင်းခဲ့သည်။ ဖော်ပြပါညွှန်းကိန်းများသည် ဖိလစ်ပိုင်ဗဟိုဘဏ်မှ ငွေကြေးမူဝါဒချမှတ်နိုင်ရေး ထည့်သွင်းတွက်ချက်ရသည့် အရေးကြီးသော ကိန်းဂဏန်းအချက်အလက်များဖြစ်ကြောင်း၊ ဗဟိုဘဏ်အတိုးနှုန်းကိုလည်း ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ၅ ဒသမ ၅ ရာခိုင်နှုန်း မှ ၅ ဒသမ ၂၅ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

**Source:** https://mb.com.ph/2025/06/30/us-tariffs-dampen-philippine-business-confidence-in-q2

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/

## တရုတ်၏ ဒူးရင်းသီးတင်သွင်းမှု ၃၀ ရာခိုင်နှုန်းကျော်ကျဆင်း





တရုတ်နိုင်ငံရဲ့ ဒူးရင်းသီးတင်သွင်းမှုဟာ အခု ၂၀၂၅ ခုနှစ်ရဲ့ ပထမ ၅ လ အတွင်းမှာ ၃ ပုံ ၁ ပုံအထိ ကျဆင်းသွားခဲ့တယ်လို့ VnExpress သတင်းမှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ဗီယက်နမ်နဲ့ထိုင်းတို့လို ဒူးရင်းသီးအဓိကတင်ပို့တဲ့ နိုင်ငံတွေဆီက ဒူးရင်းသီးတွေကို အရည်အသွေးစစ်ဆေးမှုတွေ ပိုမိုတင်းကျပ်လိုက်တာကြောင့် အခုလိုကျဆင်းလာတာလို့ သိရပါတယ်။

ဒူးရင်းတင်သွင်းမှုတွေဟာ မနှစ်ကကာလတူနဲ့ယှဉ်ရင်တန်ဖိုးရောပမာဏပါ၃၀ ရာခိုင်နှုန်းကျော်စီကျဆင်းခဲ့ပါတယ်။ တရုတ်ကို ဒူးရင်းသီးအများဆုံးတင်ပို့တဲ့ ထိုင်းနိုင်ငံရဲ့တင်ပို့မှုက ၂၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဒုတိယအများဆုံးတင်ပို့တဲ့ ဗီယက်နမ်ရဲ့ တင်ပို့မှုကတော့ ၆၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။

တရုတ်ဟာပိုးသတ်ဆေးအကြွင်းအကျန်နဲ့အစားအသောက်လုံခြုံရေးဆိုင်ရာစည်းမျဉ်းတွေ ပိုမိုတင်းကျပ်လိုက်ပြီး ဓာတ်မြေသြဇာနဲ့ပတ်သက်လို့စည်းမျဉ်းဖောက်ဖျက်တဲ့သူတွေကိုလည်းတင်းတင်းကျပ်ကျပ်အရေးယူဖို့ ညွှန်ကြားထားပါတယ်။

တရုတ်နိုင်ငံက ဒူးရင်းသီးတင်သွင်းရာမှာ ကင်ဆာဖြစ်စေနိုင်တဲ့ Basic Yellow 2 ဆိုးဆေးကင်းရှင်းကြောင်း ဓာတ်ခွဲခန်းစစ်

ဆေးချက်တွေတောင်းဆိုတာကြောင့်နယ်စပ်မှာနှောင့်နှေးမှုတွေဖြစ်ခဲ့ပါတယ်။ဒီအခြေအနေကိုဖြေရှင်းဖို့ထိုင်းနိုင်ငံဘက်က ခေတ်ခွဲစမ်းသပ်မှုတွေကိုတိုးမြှင့်ပြီးဗီယက်နမ်ကလည်းထုတ်လုပ်မှုနဲ့ပို့ကုန်စံချိန်စံနှုန်းတွေကိုပိုမိုကြီးကြပ်ဆောင်ရွက်နေပါတယ်။

**Source :** https://onenewstvchannel.com/business

## စင်ကာပူ၏ အဆင့်မြင့်ကုန်ပစ္စည်းဈေးကွက် မြင့်တက်နိုင်




တရုတ်နဲ့ အမေရိကန်အပါအဝင် ကမ္ဘာ့ဈေးကွက်ကြီးတွေမှာ တန်ဖိုးကြီးတဲ့ အဆင့်မြင့်ကုန်ပစ္စည်းတွေကို ဝယ်ယူသူနည်းလာပေမဲ့စင်ကာပူမှာတော့ အဆင့်မြင့်ကုန်ပစ္စည်းဝယ်ယူမှုတွေ ဆက်လက်မြင့်တက်ဖွယ်ရှိနေတယ်လို့ နိုင်ငံတကာသတင်းတွေမှာ ဖော်ပြထားပါတယ်။

Euromonitor International ကတော့ Bloomberg တို့ရဲ့ အချက်အလက်တွေအရ စင်ကာပူနိုင်ငံတွင်း တန်ဖိုးမြင့်ကုန်ပစ္စည်းရောင်းအားဟာ ၂၀၂၄ ခုနှစ်နဲ့နှိုင်းယှဉ်ရင် အခု ၂၀၂၅ ခုနှစ်မှာ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာမယ်လို့ မျှော်မှန်းထားပါတယ်။

ဒါဟာ ဂျပန်၊ တရုတ်နဲ့ တောင်ကိုရီးယားတို့လို တန်ဖိုးကြီးကုန်ပစ္စည်းတွေ ဝယ်ယူမှုများတဲ့ နိုင်ငံတွေထက် မြင့်တက်လာနိုင်တာ ဖြစ်ပါတယ်။အချက်အလက်တွေအရ စင်ကာပူမှာ သန်းကြွယ်သူဌေးပေါင်း ၂၄၀,၀၀၀ ကျော်ရှိပြီး အလယ်အလတ်တန်းစား မိသားစုတွေရဲ့ ဝင်ငွေဟာ ငါးနှစ်ဆက်တိုက် တိုးမြင့်လာခဲ့တယ်လို့ ဆိုပါတယ်။

စင်ကာပူမှာ နိုင်ငံသားတွေရဲ့ဝင်ငွေမြင့်တက်တာကြောင့် နာမည်ကြီးအမှတ်တံဆိပ်တွေကတန်ဖိုးကြီးလက်ဝတ်ရတနာတွေဝယ်ယူမှုမြင့်တက်နေသလိုနိုင်ငံတကာခရီးသွားတွေကလည်းစင်ကာပူဈေးကွက်မှာဝယ်ယူမှုရှိနေတာပါ။ တရုတ်နဲ့ အမေရိကန်အပြင် အင်ဒိုနီးရှားနဲ့အိန္ဒိယတို့လိုနိုင်ငံတွေကခရီးသွားတွေကြောင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလကနေ စက်တင်ဘာလအထိ ခရီးသွားတွေရဲ့ဈေးဝယ်အသုံးစရိတ်ဟာ စင်ကာပူဒေါ်လာ ၃ ဒသမ ၉ ဘီလီယံအထိမြင့်တက်လာခဲ့ပြီးအရင်နှစ်ကထက် ၅ ရာခိုင်နှုန်းတိုးလာခဲ့ပါတယ်။

**Source:** https://onenewstvchannel.com/business

# STOCK EXCHANGE (8.7.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,997 (Shares) | 10,606,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,800 | +0 | +0.00% | 7,300 | 7,300 | 6,800 | 65 | 460,400 | 33,109,694 | 225,146 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,200 | 3,200 | 3,200 | 174 | 556,800 | 38,929,150 | 124,573 |
| MCB | 00003 | 7,300 | -100 | -1.35% | 7,300 | 7,300 | 7,300 | 770 | 5,621,000 | 10,400,986 | 75,927 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 10 | 20,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,800 | 2,800 | 2,700 | 26 | 72,200 | 12,823,224 | 34,623 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,600 | 1,650 | 1,550 | 1,611 | 2,602,600 | 19,977,223 | 32,962 |
| AMATA | 00007 | 3,850 | +100 | +2.67% | 3,750 | 3,850 | 3,750 | 331 | 1,241,550 | 10,497,598 | 40,416 |
| MAEX | 00008 | 3,150 | +100 | +3.28% | 3,150 | 3,150 | 3,150 | 10 | 31,500 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 10th Jul. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.13 | +2.14 | +0.61% | 361.24 | 361.24 | 353.69 | 2,997 | 10,606,050 | 8 | 667,962 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm,10th Jul. 2025

| Trading Volume | Trading Value |
|---|---|
| 2,997 (Shares) | 10,606,050 (MMK) |

## Main Board

As of 1:00 pm, 10th Jul. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,997 (Shares) | 10,606,050 (MMK) |

| MYANPIX | 354.13 ▲ 2.14 |
|---|---|
| Total Volume (shares) | 2,997 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 667,962 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,800 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,300 | ▼ 100 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 3,850 | ▲ 100 |
| MAEX | 00008 | 3,150 | ▲ 100 |